THE TANINTHARYI WEEKLY
VOL:4, NO: 37 တနင်္သာရီ



# ပင်လယ်ထဲ အမှိုက်ကောက်

နိုင်သစ်

ကော့သောင်း၊ မတ် ၂၄

ကုန်းပေါ်မှာပဲ အမှိုက်ကောက်အဖွဲ့တွေရှိတယ်လို့ မထင်ပါနဲ့။

ပင်လယ်ထဲမှာ အမှိုက်ကောက်တဲ့ ပရဟိတ အဖွဲ့တွေလည်း ရှိပါတယ်။

Myanmar Underwater Federation အဖွဲ့လို့ ခေါ်တဲ့အဖွဲ့က ပင်လယ်ထဲက အမှိုက်တွေကို လိုက်လံဆယ်ယူနေပါတယ်။

ခရီးသွားကုမ္ပဏီတစ်ခုရဲ့ အခမဲ့ပို့ဆောင်ကူညီမှုနဲ့ ယခုလို လိုက်ကောက်တာဖြစ်ပြီး ရေအောက်မှာ ငါးဖမ်းပိုက်အဟောင်းတွေကို အများဆုံးတွေ့တယ်လို့ ဆိုပါတယ်။

"ရေအောက်မှာ အများဆုံးတွေ့ရတာက ငါးဖမ်းလှေက ပိုက်အပျက်တွေပဲ၊ တချို့ကမ်းတွေမှာ ဖော့ဘူးတွေ ပလပ်စတစ်တွေ အများကြီး တွေ့ရတယ်" လို့ ရေငုပ်ဆယ်ယူပေးနေတဲ့ မသန္တာက ပြောပါတယ်။



ဓာတ်ပုံ – နိုင်သစ်

အဲဒီပိုက်အဟောင်းတွေဟာ ငါးဖမ်းလှေတွေက ပြတ်ကျန်ခဲ့တာလို့ ယူဆရပြီး ရေအောက် သန္တာကျောက်တန်းတွေနဲ့ ငြိပြီး ရှားပါး ငါးမျိုးနွယ်တွေ၊ ငမန်းမျိုးနွယ်တွေ မကြာခဏ လာငြိပြီး သေဆုံးတာ ကြုံရတယ်လို့ ဆိုပါတယ်။

ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်က လက်ရှိမှာ လက်ကမ်းစာစောင်များဖြန့်ဝေ အသိပညာပေးဖို့ ညွှန်ကြားထားပြီး အခါအားလျော်စွာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကလည်း ပင်လယ်ထဲ အမှိုက်ကောက်နေတယ်လို့ ပြောပါတယ်။

# နေကြာစေ့ အိတ်ထဲဖွက်ထားသည့် စိတ်ကြွဆေးပြားများ ဖမ်းမိ

နိုင်သစ်

ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက်တွင် မတ်လ ၁၉ ရက်က အမျိုးသားတစ်ဦးထံမှ နေကြာစေ့အိတ်ထဲဖွက်သယ်လာသည့် စိတ်ကြွဆေးပြား ၆၀၀ နီးပါး ဖမ်းဆီးရမိခဲ့သည်ဟု ကော့သောင်းမြို့မ ရဲစခန်းမှ သိရသည်။

သတင်းအရ စောင့်ဆိုင်း ဖမ်းဆီးစဉ် ဆိုင်ကယ်စီးလာသည့် အမျိုးသား ၂ ဦးအနက် နောက်ပါ အမျိုးသားတွင် "စွဲနေပြီ" နေကြာစေ့ အိတ်ထဲတွင် ဖွက်ယူလာသည့် စိတ်ကြွဆေးပြား ၅၉၀ ပြား ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းမိသူ၏ ထွက်ဆိုချက်အရ ကော့သောင်းမြို့ရှိ တည်းခိုခန်းများတွင် လှည့်လည်နေထိုင်သူ အမျိုးသားတစ်ဦးက ရောင်းချခိုင်းခြင်းဖြစ်သည်ဟု သိရသည်။

လက်ရှိတွင် လက်ဝယ်တွေ့ရှိ ဖမ်းမိသူနှင့်ရောင်းချရန်စေခိုင်းသူတို့ အား ကော့သောင်းမြို့မရဲစခန်းမှမှု/စိတ်ပုဒ်မ ၁၅ / ၁၉(က) / ၂၁ အရအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

# ကော့သောင်းမြို့အနှံ့ လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူ

မိုးအိ

ကော့သောင်းမြို့ရှိ လမ်းများအားလုံးကို ခရီးသွားပြည်သူများ သိရှိနိုင်ရန်အတွက် မတ်လ ၂၀ ရက်ကစပြီး တယ်လီနော ကုမ္ပဏီက လမ်းညွှန်ဆိုင်းဘုတ်များ စတင်ပြုလုပ်ခဲ့သည်။

မြို့ပေါ် ၁၀ ရပ်ကွက်ရှိ လမ်းသွယ် လမ်းကြားများတွင် လမ်းညွှန်ဆိုင်းဘုတ် ၁၀၀ ကျော်ကို စိုက်ထူခဲ့သည်ဟု ယင်းကုမ္ပဏီ ကော့သောင်းရုံး တာဝန်ရှိသူက ပြောသည်။

MYANMAR UPA

Myanmar UPA Company Limited
No. 5995, Loikaw Street, Oattarathiri Township, Naypyitaw,
Republic of the Union of Myanmar

## သတင်းထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကံပေါက်မြို့နယ် ၂၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးအဆင့်

ရေဖြူမြို့နယ်၊ ၂၀၁၇ ခုနှစ်၊ မတ်လ

မြန်မာယူပီအေကုမ္ပဏီလီမိတက် (MUPA)သည် ၂၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ အဆိုပြုစီမံကိန်းသည် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာတွင် တည်ရှိမည်ဖြစ်ပါသည်။

၂၀၀ မဂ္ဂါဝပ်စီမံကိန်းအား အကောင်အထည်ဖော်ခြင်းဖြင့် အောက်ဖော်ပြပါအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

- ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောလျှပ်စစ်မီးလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါသည်။
- လျှပ်စစ်မီးပြတ်တောက်မှုနည်းပါးသည့် ပိုမိုယုံကြည်စိတ်ချရသောစနစ် ရရှိနိုင်မည်ဖြစ်ပါသည်။
- မီတာခနှုန်းထားများအပေါ် ကောင်းသည့်အကျိုးသက်ရောက်မှု ရရှိနိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းအရ အဆိုပြုလုပ်ငန်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှု အသိအမှတ်ပြုလက်မှတ်ရရှိရန် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းကို မြန်မာယူပီအေကုမ္ပဏီလီမိတက် (MUPA)၊ Environmental Resources Management (ERM) နှင့် Sustainable Environment Myanmar (SEM) တို့မှတာဝန်ယူဆောင်ရွက်ပြီးဖြစ်ပါသည်။ မြန်မာယူပီအေကုမ္ပဏီလီမိတက် (MUPA) သည် ကနဦးရလဒ်များအား သက်ဆိုင်သူများကို အသိပေးရန်နှင့် ရလဒ်အပေါ်ထားရှိသော သဘောထားအမြင်များနှင့် တုံ့ပြန်ချက်များအား ရယူရန် လူထုပူးပေါင်းပါဝင်တွေ့ဆုံပွဲများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တွေ့ဆုံပွဲများအား အောက်ဖော်ပြပါနေရာနှင့် အချိန်များတွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လ၊ ၂၈ ရက် မနက် ၉း၀၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး။
၂၀၁၇ ခုနှစ်၊ မတ်လ၊ ၂၈ ရက် နေ့လည် ၃း၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ၊ရေဖြူမြို့နယ်၊ အိန္ဒာရာဇာကျေးရွာ၊ ကျေးရွာရှေ့ရုံခန်းမ။
၂၀၁၇ ခုနှစ်၊ မတ်လ၊ ၂၉ ရက် မနက် ၉း၃၀ နာရီတွင် ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံး။
၂၀၁၇ ခုနှစ်၊ မတ်လ၊ ၂၉ ရက် နေလည် ၂း၀၀ နာရီတွင် ရေဖြူမြို့နယ်၊ ရေငံဆိပ်ကျေးရွာ၊ ဘုန်းကြီး။
၂၀၁၇ ခုနှစ်၊ မတ်လ၊ ၃၀ ရက် မနက် ၉း၃၀ နာရီတွင် ရေဖြူမြို့နယ်၊ ပြင်ကြီးကျေးရွာ၊ မူကြိုကျောင်း။
၂၀၁၇ ခုနှစ်၊ မတ်လ၊ ၃၀ ရက် နေ့လည် ၂း၀၀ နာရီတွင် ရေဖြူမြို့နယ်၊ အုန်းပင်ကွင်း ကျေးရွာ၊ ကျေးရွာ ဓမ္မာရုံ။
၂၀၁၇ ခုနှစ်၊ မတ်လ၊ ၃၁ ရက် မနက် ၉း၀၀ နာရီတွင် ရေဖြူမြို့နယ်၊ ဂန့်ဂေါ်တောင်ကျေးရွာ၊ မူကြိုကျောင်း။

အစီရင်ခံစာအပေါ် တုံ့ပြန်မှုများကို အစည်းအဝေးပြုလုပ်နေစဉ် (သို့မဟုတ်) MUPA ရုံးသို့ အောက်ဖော်ပြပါ အီးမေးလိပ်စာသို့လိပ်မှ၍ ဆက်သွယ်ရေးသား ပေးပို့နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
မြန်မာယူပီအေကုမ္ပဏီလီမိတက် (MUPA)
၅၅၉၅၊ လွိုင်ကော်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။

e-mail : admin@unitedpowerofasia.com
Website: http://www.unitedpowerofasia.com/en/business/power-business

**Myanmar UPA Company Limited**
No. 5995, Loikaw Street, Oattarathiri Township, Naypyitaw,
Republic of the Union of Myanmar

News Release

Development Phase of a 200MW Combined Cycle Power Plant (CCPP) in Kanbauk, Tanintharyi Region, the Republic of the Union of Myanmar.

Yebyu Township – March 2017 – Myanmar UPA Company Limited (MUPA) is planning to develop a 200MW Combined Cycle Power Plant (CCPP) (the Project). The proposed CCPP will be located in Kanbauk village, in the Yebyu Township, Tanintharyi Region.

The 200 MW development phase will bring the following benefits:

- Enough electric power required for the development of Dawei.
- More reliable system with less power shortage.
- Possible positive impacts on electricity price.

Under the Environmental Conservation Law, Environmental Conservation Rules, and the Environmental Impact Assessment Procedure of the Republic of the Union of Myanmar, MUPA is required to undertake an Environmental Impact Assessment (EIA) to obtain an Environmental Compliance Certificate (ECC) for the proposed activity. The preliminary Environmental Impact Assessment (EIA) for the proposed activity has been prepared by MUPA, Environmental Resources Management (ERM) and Sustainable Environment Myanmar (SEM). MUPA will conduct Public Participation meetings to inform stakeholders of the preliminary result and gather feedback and comment on these results.

The meetings will be held at the following date and locations:

- Yebyu District General Administrative Department Office, Dawei District, Tanintharyi Region on the 28 March 2017 at 09:00 amVillage Church Hall, Ein Da Rar Zar Village, Yebyu Township, Dawei District, Tanintharyi Region on the 28 March 2017 at 03:00 pm
- Village Tract Headman Office, Kanbauk Village, Yebyu Township on the 29 March 2017 at 09:00 am
- Monastery, Ye Ngain Zeik Village, Yebyu Township on the 29 March 2017 at 03:00 pm
- Pre-school, Pyin Gyi Village, Yebyu Township on the 30 March 2017 at 09:00 am
- Buddhist Chapel, On Bin Kwin Village, Yebyu Township on the 30 March, 2017 at 03:00 pm
- Pre-school, Gan Gaw Taung, Yebyu Township on the 31 March, 2017 at 08:00 am

Feedback on the report can be submitted during the meetings or to MUPA in writing by contacting the following contact Details:
Myanmar UPA Company Limited (MUPA)
5995, Loikaw Street, Oattara Thiri Township, Naypyitaw,
Republic of the Union of Myanmar.
e-mail : admin@unitedpowerofasia.com
Website: http://www.unitedpowerofasia.com/en/business/power-business